


# ရွန်းရမိမိုး

လေးပင်လိမ်

L လင်း

ဒီနေ့ ကျောင်းမှာ မေဂျာဒေးနေ့မို့ စည်ကားလှပါသည် ။ ဆေးရောင်စုံ မိန်းမလှလေးတွေကလည်း ဟိုမှ သည် မောင်မောင်ကာလသားတို့မှာ တော့ ခေါင်းတွေပင် မူးနေပြီ။ ဟိုမှ သည် ချာချာလည်အောင်လိုက်ကြည့်ရလို့ လေ။

စတိတ်စင်ပေါ်မှာ လည်း ဝါသနာရှင် ကျောင်းသားအဖွဲ့ရဲ့ တီးဝိုင်းက (IC) အဖွဲ့ပင်ရှုံးအောင် လက်စွမ်းပြနေကြသလို ကျောင်းသာတွေထဲမှာ တစ်ယောက်ပြီး တစ်ယောက် စင်ပေါ်တက်ကာ ဟဲနေကြလေရဲ့ ။

ပထမနှစ်ကျောင်းသားတွေပီပီ တစ်ယောက်နဲ့ တစ်ယောက်က မျက်မှန်းတန်းမိကြရုံသာ ရှိသဖြင့် မေဂျာဒေး လုပ်ပြီးမှ သာ ပို၍ ရင်းနှီးတတ်ကြသည် မို့ နှစ်စဉ်ကျောင်းဖွင့်စ လောက်မှာ ပင် မေဂျာဒေးနဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို တွဲလုပ်တတ်ကြသည် ။

ထိုအချိန်မှာ ပင် စတစ်ကော်လာအဖြူ ယောပုဆိုးရေညှိစိမ်းရောင်လေးနဲ့ ကောင်လေးတစ်ယောက် ဂီတာလွယ်ကာ စင်ပေါ်တက်လာသည် ။ ပြီးတော့ ဂီတာကို ကြိုးညှိကာ အနာဂတ်မဲ့သီချင်းကို ခံစားချက်အပြည့်နဲ့ သီဆိုနေသည် ။

ဂီတာကိုသာ ငုံ့တီးပြီး ဆိုနေတာမို့ ပရိသတ်က သူ့မျက်နှာပင် သဲကွဲစွာ မမြင်ရပေ။ ပြီးတော့ သူ့ပုံစံက တစ်စုံတစ်ခုအတွက် ခံစားနေရသလို

မျိုး။

“တချို့ တချို့အတွက် လွယ်ပေမယ့်

ကိုယ်ဟာ ရုန်းကန်လာခဲ့ဖူးတယ်

ကြိုးစားခဲ့သမျှ အချည်းနှီးပဲ

ဘဝက အဲဒီလိုပဲ … …”

သူ့အသံက ချိုရှရှ ခံစားချက်ကအပြည့် ဂီတာကို ကိုယ်တိုင်တီးပြီး ဂီတာတစ်လက်တည်းနဲ့ ဆိုသွားပုံက ကျောင်းသူတို့ ရဲ့ နှလုံးသားတွေကို ဖမ်းစားသွားသည် ။

သူဆိုပြီး လက်ခုပ်တီးကြတော့ မိန်းကလေးအုပ်ဘက်မှ လက်ခုပ်သံက ပိုကျယ်သလိုပင်။ သူက သီချင်းဆိုးတော့မှ ခေါင်းမော့ကာ ကျေးဇူးတင်စကားပြောတော့ သူဟာ ရုပ်ဆင်းအင်္ဂါပါ ပြည့်စုံသော အမျိုးသားဟု အသိအမှတ် ပြုလိုက်ကြသည် ။

“သူ့နာမည် ဘယ်သူလဲဟင်”

“ပင်လယ်တဲ့ လောက”

“လောက”

“(Law) ဥပဒေကလို့ ပြောတာ”

“ဪ ဥပဒေမေဂျာဒေးလုပ်မှ တော့ ဥပဒေကမှန်းသိတာပေါ့ဟဲ့”

“ဟုတ်လား၊ ငါကမသိဘူးမှတ်လို့ ”

“ဘာလဲ၊ စိတ်ဝင်စားသွားပြီလား”

“စိတ်တော့ မဝင်စားပါဘူး၊ ဒါပေမဲ့ အတန်းတက်ရင်တော့ ပင်လယ်

တက်တဲ့ (section) ဆက်ရှင်ပဲတက်ဖို့ သန္နိဋ္ဌာန် ချထားလိုက်ပြီ”

“ကြီးကျယ်မြင့်မြတ်လှတဲ့ သန္နိဋ္ဌာန်ကြီးပါလားနော်”

“ဟား ဟား ...”

ဒါကခရေတို့ အဖွဲ့ဆီမှ ထွက်လာသော အသံတွေခရေတို့ သူငယ်ချင်းတွေက ဘာသာစုံပင်၊ ဘာသာစုံ ဆိုတာက ခရေတို့ သူငယ်ချင်းသုံးယောက်မှာ တစ်ယောက်က ဥပဒေ၊ တစ်ယောက်က အင်္ဂလိပ်စာ၊ တစ်ယောက်က သမိုင်း။

ဒါပေမဲ့ ဝိဇ္ဇာတွဲချည်းပဲမို့ ဘာသာမတူသော်လည်း နေ့လယ်ပိုင်းအတန်းချိန်ချင်း တူတာမို့တစ်တွဲတွဲ မခွဲဖြစ်တော့။ မခွဲချင်သောအကြောင်းရင်းကတော့ သူမတို့ သုံးယောက်ဟာ စတိတ်တည်းက တွဲလာသော သူငယ်ချင်းတွေမို့ပဲလေ။

“ခရေ”

“ဘာလဲ ဝါရဲ့ ”

“နင်ကတော့ နာမည်ကို ကြိုးနေတာပဲနော်”

“ဟုတ်လား၊ ခရေတောင် မသိရပါလား၊ လုပ်ပါဦး”

“အီးကွင်း ... အီးကွင်းနဲ့ လေ”

“ဩော် ... ခရေရယ်၊ ကွင်းဖြစ်ရတာတောင် အီးကွင်းမှ ဖြစ်ရလားဟာ”

“ဟာ ... လဲ့လဲ့စုတ်၊ ကြည့် ... နင်တို့ နှစ်ကောင်က ငါ့ကို လှောင်တယ်ပေါ့လေ၊ ဟွန်း ... သူများ လှလို့ ဖြစ်တာ မနာလိုမရှိကြနဲ့ ဒါပဲ”

“မရှိပေါင်တော်၊ ကွင်းမဖြစ်ချင်နေပါစေ၊ အီးကွင်းတော့ မဖြစ်ပါရ

စေနဲ့ ”

“အေး … လာပြီ၊ လွတ်အောင်သာ ပြေးပေတော့”

“မလုပ်ပါနဲ့ အီးကွင်းရဲ့ … ဟဲ ဟဲ”

ဝါဆိုနဲ့ လဲ့လဲ့ ထပြေးပါတော့သည် ။ ဒီလိုပါပဲ၊ သုံးယောက်မှာ ငယ်စဉ်ကတည်းက ခရေဟာ အစမခံနိုင်သူမို့ ဝါဆိုနဲ့ လဲ့လဲ့က သူ့ကို စရတာ နောက်ရတာကိုပင် ပျော်ရွှင်နေတတ်ကြပြီး သူ တကယ်စိတ်ဆိုး လာပြီ ဆိုရင်တော့ နှစ်ယောက်သား ဝိုင်းချော့ရတာလည်း အစဉ်အလာပင်။

အလုလည်း ဥပဒေဖြစ်သော ဝါဆိုက သူမရဲ့ မေဂျာဒေးကို ခေါ်ထားတာမို့ ကျန်နှစ်ကောင်က ကျောင်းသာလာ၍ အတန်းလစ်ပြီး ဥပဒေတွေကြားထဲ ရောက်နေကြတာပါ။

“ဟဲ့ … ဝါဆို”

“ဘာလဲ”

“ငါ့ကို အီးကွင်း ပြောနေ၊ နင့် လောက မှ အီးပေါလော”

“ဩော် … အီးပေါလော ဆိုတည်းက နင့်အီးပါ ပါသွားပြီ အီးကွင်းလေးရဲ့ ။ ဟဲ ဟဲ”

“အေး … ဒီတစ်ခါ တကယ် လာပြီ”

ကျောင်းဆောင်နောက်ဘက် လူရှင်းသော ကော်ရစ်ဒါမှာ သူမတို့ သုံးယောက် မသိရင် စိန်ပြေးတမ်း ကစားနေသလားမှတ်ရမည်။

တိုင်ကိုပတ်ပြီး ပြေးထွက်သွားသော ဝါဆို့နောက်ကို အလိုက် …

“ဘုတ်”

“အင့်”

“ဆောရီးနော်၊ ခရေ အရှိန်လွန်သွားတယ်”

ခရေ့ တောင်းပန်စကားကို ခေါင်းသာညိတ်ပြပြီး ထွက်သွားသော ပင်လယ့် နောက်ကျောကိုကြည့်ကာ ခရေနှုတ်ခမ်းမဲ့ပစ်လိုက်သည် ။

ထိုစဉ် ဝါဆိုက အနားရောက် လာပြီး ...

“ဟဲ့ ... ပင်လယ် မဟုတ်လား”

“မြစ်လား ပင်လယ်လားတော့ ငါမသိဘူး၊ ဒီကဝင်တိုက်မိလို့ တောင်းပန်တာကို မတူမတန်သလိုနဲ့ ”

“ဟဲ့ ... ဘာဖြစ်လို့ လ”

“ဘာဖြစ်ရမလဲ ဝါဆိုရဲ့ ၊ နင့်လူက ကြီးကျယ်လိုက်တာ၊ ငါက တိုင်အကွယ်က ထွက်လိုက်တာ၊ အရှိန်လွန်သွားပြီး သူ့ကို သွားတိုက်မိလို့ တောင်းပန်လိုက်တယ်၊ အဲဒါ ငါ့ကိုခေါင်းပဲ ညိတ်ပြသွားပြီး ထွက်သွားရော”

“ဟဲ့ ... အဲဒါ ဘာဖြစ်လို့ လဲ၊ နင်ကတောင်းပန်လို့ သူက အသိအမှတ်ပြုတဲ့ အနေနဲ့ ခေါင်းညိတ်ပြတယ်လေ၊ မတူမတန်စရာ ဘာရှိလို့ လဲ”

“နင်က သူ့ သူငယ်ချင်းလား၊ ငါ့သူငယ်ချင်းလား ဝါဆို”

“နင်ကလည်း ကွာ၊ ဘာမှ မဟုတ်တာလေးကို စားနေပြန်ပြီ၊ ကဲပါ ... လာ၊ ကင်န်တီးသွားရအောင်၊ ကော်ဖီနဲ့ ကြက်ဥပေါင်မုန့်ကြော်လေး တွဲပြီး ဆွဲလိုက်ရင် ...”

“အဲဒီအစီအစဉ်ပဲ ကောင်းတယ်၊ ဂိုးမယ်”

*

“ဟဲ့ … ပင်လယ်ကလေ”

“တော်ပြီ ဝါဆို၊ နင် အခုတလော ဘင်္ဂလားထဲကကို မထွက်တော့ဘူး ”

“ဘာလဲဟာ ဘင်္ဂလားက”

“ဘင်္ဂလားပင်လယ်အော်သံတွေပဲ ကြားနေရလို့ ဟေ့”

“ဟဲ ဟဲ … ဒီတစ်ခါက တကယ်ပြောစရာရှိလို့ ဟ၊ ငါ နင်တို့ ကို ပြောတယ်လေ”

“ဘာလဲ … ပင်လယ်က စာတော်တယ်၊ စာအုပ်နဲ့ မျက်နှာပဲ တစ်ချိန်လုံး အပ်နေတာ၊ စာကြမ်းပိုးလေ၊ ဘေးအပေါင်းအသင်းတွေနဲ့ လည်း စကားရော ဖွဲရောမလုပ်ဘူး၊ ဒါတွေပဲမို့လား”

“ဒီတစ်ခါက အသစ်ပါကွ”

“ဘာလဲ … အသစ်ကလည်း ပင်လယ်ပဲမို့လား”

“အဟီး … ပင်လယ့်အကြောင်း အသစ်ပါဟ”

“လုပ်မနေနဲ့ ၊ ငါတို့ က အခြေခံပထဝီဝင်ကို ကျေညက်ပြီးသား၊ ပင်လယ်တင် မကဘူး၊ သမုဒ္ဒရာအကြောင်းပါ သင်ထားပြီးသား”

“ဒါဆို ဝါ မပြောတော့ဘူးနော်”

“မပြောနဲ့ လေ။ နားမထောင်ချင်ပါဘူးဆို”

“အဲဒါဆို ပြောမယ်”

“ဟွန်း”

“ကဲပါ … လဲ့ပဲ ကြားဝင်စေ့စပ်လိုက်မယ်၊ ပြော … ပြော၊ ခရေ နား

ထောင်ပေးလိုက်ပါဟယ်၊ သူ ပြောချင်နေရှာတာ မသကာ နားညည်းရုံပဲ လို့ မှတ်လိုက်၊ ကဲ ... ဝါဆို ပြော”

“ဟင်း ... ပင်လယ်က ငါတို့ ထင်သလို မဟုတ်ဘူး ဟ”

“ဘာမှ ကို မထင်ထားဘူး”

“နေပါဦး၊ နင်ကလည်း ၊ သူ့ကို ငါက ငြိမ်နေတယ်မှတ်တာ”

“မငြိမ်ဘူးလား”

“ခရေ ... နားမထောင်ချင်နေ၊ မနှောင့်ယှက်နဲ့ ၊ ဝါ လှဲ့ကိုပြောပြနေ တာ၊ လှဲ့ရဲ့ သိလား”

“လှဲ့ သိလားတဲ့ ၊ လှဲ့ သိလို့ လား”

“ခရေ”

“ဟဲ ဟဲ ... ဆက်ပြောသူငယ်ချင်း”

“သူက သွေးကင်ဆာတဲ့ ”

“ဟင်”

ဒီတစ်ခါတော့ ကျန်နှစ်ယောက် ငြိမ်ကျသွားပါသည် ။

“ဟုတ်တယ်၊ သူဟာ သူ့ရောဂါကြောင့် စိတ်ဓာတ်ကျနေရှာတာ၊ သူ က အလွန်ဆုံးခံရင် နောက်ခြောက်လပဲတဲ့ ”

“ဟယ် ... ဒါနဲ့ များ ကျောင်းလာတက်နေသေးတယ်”

“ဩော် ... ဒီအတိုင်းနေတာထက်စာရင် ကျောင်းလာတက်နိုင်သရွေ့ တက်နေတော့ စိတ်သက်သာရာ ရတာပေ့ါဟာ”

“အေး ... ဟုတ်တော့လည်း ဟုတ်တာပဲ၊ သေမယ့်နေ့ကို ထိုင်စောင့်

ရမှာ တော့ ပျင်းစရာပဲ”

“ခရေကလည်း ”

“ဒါကြောင့် သူ အနာဂတ်မဲ့သီချင်း ဆိုတာဖြစ်မယ်နော် အဲဒီတုန်းက သူ့မျက်နှာက ခံစားချက် အပြည့်ပဲလေ”

“အေး ... ခရေပြောတာ ဖြစ်နိုင်တယ်၊ ငါလည်း ခုမှ စဉ်းစားမိတယ်၊ ဒါကြောင့် သူ့သီချင်းက Feel အပြည့်နဲ့ နားထောင်ကောင်းနေတာကိုး”

“သူက ထိုင်လည်း ထောင့်ကခုံမှာ ပဲ ထိုင်တယ်၊ အားရင်လည်း အဲဒီ ခုံပေါ်မှာ ပဲ စာအုပ်တစ်အုပ်ဖွင့်ပြီး ဖတ်နေတာပဲ”

“အေးလေ ... သနားပါတယ်၊ ငါကငါနဲ့ ဝင်တိုက်မိတုန်းက သူ့ကို ကြီးကျယ်တဲ့ သူဆိုပြီး အမြင်ကတ်သွားတာဟ၊ ခုတော့ သနားပါတယ်”

“မိခရေ အမြင်မှန် ရသွားရှာပြီကိုး၊ သာဓု သာဓု”

“အောင်မယ် ... ဝါစုတ်”

“ဒါနဲ့ ဝါဆို၊ သူ့အကြောင်း နင့်ကို ဘယ်သူပြောပြလဲ”

“သူနဲ့ တွဲတဲ့ ဖက်တီးပြောပြတာဟ၊ ငါက စပ်စုပြီး သူ့အကြောင်း မေးလိုက်တာ၊ သူက စာကြမ်းပိုးနော်၊ ဘာညာပေါ့”

“အဲဒါနဲ့ ဖက်တီးက ပြောပြတာ”

“ဩော် ... အဲဒါကြောင့် သူ့ပုံစံက တစ်မျိုးဖြစ်နေတာကိုး”

ဆရာမ အခန်းထဲက ထွက်သွားတော့ ကျောင်းသားတွေလည်း ထွက်ကြသည် ။ နောက်တစ်ချိန်က ဆရာ မလာ၍ အားနေသည် မို့ ခရေနဲ့ လဲ့က အတန်းချိန်တွေ ရှိနေ၍ မအား။ ဝါဆို တစ်ယောက်တည်း အပြင်မထွက်ချင်၍ အတန်းထဲပဲ ထိုင်နေဖို့ ဆုံးဖြတ်လိုက်သည် ။ ဝါဆို့လိုပဲ ထိုင်

နေသူတစ်ယောက်။ ဝါဆို ရုတ်တရက် စိတ်ကူးရသွားကာ ...

"ကိုပင်လယ်"

ပင်လယ်က မော့ကြည့်သည် ။

"ဘာလုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး"

"ကိုပင်လယ် စာကျက်နေတာလားလို့ "

"ဟင့်အင်း"

"ဩော် ... ဝါဆိုက ကိုပင်လယ် စာကျက်နေတယ်ထင်တာ၊ ဝါဆိုလည်း ဥပဒေပဲ"

"ဟုတ်"

"ဝါဆိုတို့ သူငယ်ချင်းဖြစ်ခွင့် ရမလား"

"ဘာလို့ လဲ"

"ဩော် ... အတန်းသားချင်း ခင်မင်ရင်းနှီးချင်လို့ ပေါ့။ ဘာလဲ ... ဝါဆို့ကို မခင်ချင်လို့ လား"

"အဲလိုလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုဟုတ်နေတာလဲ"

သူ ပြုံးရုံကလေး ပြုံးသွားသည် ။ သူ့ဘယ်ဘက်ပါးမှာ အချိုင့်ကလေးနဲ့ သူ ပြုံးတာ မမြင်ဘူးသော ဝါဆို့မှာ သူ့အပြုံးလေး တစ်စက္ကန့်မှာ နစ်မျောသွားရသည် ။ တကယ်ပါ ... သူ ပြုံးလိုက်ချိန်ဟာ တစ်စက္ကန့်လေးပါ။ ဒါပေမဲ့ အင်အားပါသော တစ်စက္ကန့်ပေါ့။

“နာမည်ပြောလေ”

“ဟင်”

“ယူ့နာမည်”

“ဝါဆိုလတ်”

“မှတ်ထားမယ်လေ”

“ဟင့်အင်း … မမှတ်ထားနဲ့ ”

“ဘာလို့ လဲ”

“ခင်မင်မှုပဲလိုတာ၊ နာမည်မှတ်ထားဖို့ မလိုဘူး”

“မဝါဆိုလတ်နဲ့ ဥပဒေပညာ လိုက်ပါတယ်”

“ဝါဆိုပဲ ခေါ်ပါ”

“ဒါဆို ကိုပင်လယ်လည်း မလုပ်နဲ့ တော့”

“ပင်လယ်”

“ဝါဆို”

သူတို့ နှစ်ယောက် ရယ်လိုက်မိကြသည် ။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာလား။ သေချာတာကတော့ ဝါဆိုက သူ့မျက်နှာကို အလွတ်ကျက်နေလို့ လေ။

*

ကားစောင့်နေသော ပင်လယ်ရှေ့သို့ ဆလွန်းကားဖြူလေးတစ်စီး ထိုးဆိုက်လာသည် ။

“ပင်လယ်”

“သြော် … ဝါဆို”

“ကားစောင့်နေတာလား”

“ဟုတ်တယ်၊ အိမ်ကကား မလာသေးလို့ ”

“သြော် … ဒါဆို ကူစောင့်ပေးရမလား”

“ရပါတယ်၊ လာကာနီးပြီ၊ ဒီနေ့မှ နည်းနည်းနောက်ကျနေတာ”

“ကူစောင့်ပေးမယ်လေ၊ ဝါဆို လိုက်ပို့မယ် ဆိုရင်ရော”

“ရတယ် ဝါဆိုရဲ့ ၊ သွားပါ”

“ဒါဆိုလည်း ဝါဆို သွားတော့မယ်၊ ပင်လယ်က သူစိမ်းဆန်လိုက်တာ”

ပင်လယ်က ပြုံးရုံပဲ ပြုံးနေသည် ။ ဝါဆိုတို့ သူငယ်ချင်း သုံးယောက်တစ်လမ်းတည်းမှာ နေတာမို့ ကားကို တစ်ယောက်တစ်ရက်ယူကာ သုံးယောက် စုသွားကြခြင်းမို့ ဒီနေ့ ဝါဆို့ကားထဲမှာ ခရေနဲ့ လွဲလွဲပါပါလာသည် ။

“သူက ကားကို ကိုယ်တိုင်မမောင်းနိုင်ဘူး ထင်တယ်နော်”

“အေးနော်၊ ဝေဒနာဖောက်မှာ စိုးလို့ မမောင်းရဲဘူး ထင်ပါတယ်ဟာ၊ သနားပါတယ်”

သူမတို့ တစ်ဖွဲ့လုံးရဲ့ သနားကရုဏာမိုးက ဝါဆိုမိုးအလား သူ့အပေါ် ရွာသွန်းနေပုံကိုများ ပင်လယ် သိခဲ့ရင် …။

“ဝါဆို”

“ပြောလေ ခရေ”

“နင် သူ့ကို တကယ်ကြွေနေပြီလား”

“ဘယ်လိုပြောရမလဲ၊ သနားတာ … ဟုတ်တယ်၊ သူ့ကို သနားတာပါ ”

“နင် သူ သီချင်းဆိုတုန်းက သူ့အကြောင်းမသိသေးဘူးလေ၊ ဒါပေမဲ့ နင် သူ့ကို ခိုက်တယ်လေ”

“ဟုတ်တယ်၊ သူ့ရဲ့ ရုပ်ပါက ငါကြိုက်တဲ့ ပုံစံမျိုးလေ၊ တည်ကြည်တယ်၊ ပြီးတော့ အသန့်လေးကွာ၊ သဘောကျတယ်၊ ဒါပေမဲ့ သူ့အကြောင်း သိလိုက်တော့ သနားတယ်၊ သဘောကျတယ် ဆိုတာထက် ပိုလေးနက်သွားတယ်”

“ဒါပေမဲ့ သူ့မှာ သူပိုင်ဆိုင်တဲ့ အချိန်က ခြောက်လပဲနော်”

“ဘုရားပေးသမျှ အချိန်လေးအတွင်းမှာ ငါ သူ စိတ်ချမ်းသာအောင် လုပ်ပေးချင်လိုက်တာဟာ”

ကျန်နှစ်ယောက်က ဝါဆို့မျက်နှာကို ငေးနေကြသည် ။ သုံးယောက်စလုံးမှာ အပူအပင်မရှိ။ အချမ်းသာကြီးမဟုတ်ကြသော်လည်း တိုက်နဲ့ ကားနဲ့ သုံးစရာရှိလျှင် လက်ဖြန့်လိုက်ရုံသာ သက်သောင့်သက်သာ ဘဝလေးတွေ ကိုယ်စီပိုင်ဆိုင်ထားကြသဖြင့် တကယ်ကို အေးချမ်းပျော်ရွှင်နေကြသူများ သာ။

အပူအပင်ဆိုတာ ခုမှ ခြေလှမ်းစ ဝင်ရောက်လာတာပါ။ ပင်လယ်အကြောင်းတွေးကာ မောင်းလာသော ဝါဆိုမှာ မီးပွိုင့် မီးဝါနေသည် ကို သတိမထားမိ။

“ဝါဆို”

“ကျွီး … ဒုတ်”

"ဟာ"

ဘေးမှ ခရေ သတိပေးလိုက်သဖြင့် အမြန်ဘရိတ်နင်းလိုက်တာ တောင် တစ်ဖက်မှ မီးစိမ်းသဖြင့် ဝင်လာသောကားကို သွားထိသည် ။ သူမက ဘရိတ်အနင်း တစ်ဖက်ကားကလည်း စမောင်းကာစမို့ အရှိန်မ ရှိသဖြင့် ထိရုံသာမို့ တော်တော့သည် ။ မီးပွိုင့်တွင် မို့ ခရေက ...

"ဝါဆို ဆက်မောင်းလိုက်၊ ဟိုဘက်နား လွတ်တဲ့ နေရာကျမှ ရှင်းတာ ပေါ့"

ခရေတို့ ကားလေးက လူရှင်းသည့်နေရာမှာ ရပ်လိုက်သည် ။ တစ်ဖ က်ကားကလည်း လမ်းကြောပြန်ယူကာ သူမတို့ နောက် လိုက်လာသည် ။

ကားပေါ်က အသက်သုံးဆယ် အရွယ်ခန့် လူတစ်ယောက်ဆင်းလာ သည် ။ ဝါဆို မျက်နှာငယ်လေး ဖြစ်နေပုံကို ကြည့်ပြီး ...

"ကားမောင်းရင်း စိတ်တွေ ဘယ်ရောက်နေလဲ ကလေးမ"

ရှိလှမှ အသက်ကလေးတွေက ဆယ့်ရှစ်နှစ်ပင်ပြည့်ရဲ့ လားမသိ။ မြ င့်မိုရ်ကျော် မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်း ကားမောင်းလိုင်စင်တော့ ရထားပါတယ်နော်"

"ဝါဆို ဆယ့်ရှစ်နှစ် ပြည့်ပြီးပြီ"

ကလေးဆန်ဆန် အပြောကို သူ နှစ်သက်သွားကာ စချင်စိတ် ပေါက် သွားသည် ။

"ကဲ ... ကိုယ့်ကားကို ဘယ်လိုလုပ်ပေးမလဲ"

"ဝပ်ရှော့ပို့ပေးပါ့မယ်၊ ကျသမျှ ကုန်ကျစရိတ်ကိုလည်း ဝါဆို တာဝန်

ယူပါတယ်”

“ဝါဆိုနော် ...၊ ကဲ ... ဟုတ်ပြီ၊ ဝပ်ရှော့အပ်ရင် အချိန်ဘယ်လောက်ကြာမှာ လဲ၊ ဒါက ကိုယ့်ကိုယ်ပိုင်ကား မဟုတ်ဘူး ကွ၊ ကိုယ်က ဒရိုင်ဘာ၊ ခုလို ကားတစ်ခုခုဖြစ်တယ်ဆိုတာနဲ့ သူဌေးက ကိုယ့်ကို အလုပ်ဖြုတ်မှာ ပဲ၊ ကိုယ်မှန်တာ မှားတာ သူ မသိဘူး၊ သူ့ကား တစ်ခုခုဖြစ်တာပဲ သူ ကြည့်မှာ ”

“အို ... သူ့ကားကို ကောင်းအောင် ပြင်ပေးရင် ပြီးရောပေါ့၊ ဝါဆို ပြန်ပြင်ပေးပါ့မယ်ဆို”

“ဒါဆို ကိုယ့်ကားကို ဝပ်ရှော့မှာ ထားခဲ့ရမှာ လား”

“ဦးလေးကြီး အချိန်မရရင် ဒီနေ့ ချက်ချင်းရအောင် ပြောပေးမယ် လေ၊ ဝါဆို့ သူငယ်ချင်း အဖေက ဝပ်ရှော့ထောင်ထားတာ ဆိုတော့ ...”

“အိုကေလေ ... ဒါဆိုလည်း အဲဒီလိုပဲ လုပ်ကြတာပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ၊ မဟုတ်ရင် ကိုယ် အလုပ်ထုတ်ခံရမှာ ”

ခရေ သနားသွားမိသည် ။

“စိတ်ချပါ၊ ခရေ့ဖေဖေက ဝပ်ရှော့ထောင်ထားတာ အဆင်ပြေအောင် အမြန်ဆုံးလုပ်ပေးဖို့ ခရေ ပြောလိုက်ပါ့မယ်၊ ကဲ ... ဝါဆို၊ ဖေဖေ့ ဝပ်ရှော့ကိုသာမောင်း”

“အေး”

“ကဲ ... ဦးလေးကြီးနောက်က လိုက်ခဲ့ပေါ့”

“ကောင်းပြီ”

ဝါဆို ကားမောင်းထွက်လာတော့ တစ်ခွန်းမှ ဝင်မပြောသော လဲ့က

...

"ဟိတ် ... နင်တို့ နှစ်ယောက် သူ ဒရိုင်ဘာဆိုတာ ယုံလား"

"သြော် ... လှဲ့ရယ်၊ အဲဒါကို စဉ်းစားမနေပါဘူး၊ ဝါဆိုတော့ ကြောက်တာပဲ သိတယ်"

"လှဲ့ပြောတာ ဖြစ်နိုင်တယ်ဟ၊ သူက ဒရိုင်ဘာနဲ့ မတူဘူးဟ၊ ခန့်တယ်"

"အင့် ... မိခရေလေး၊ အဲဒါက ဘာအဓိပ္ပာယ်လဲ၊ ဆေးစားမမှားနဲ့နော်၊ တကယ်သာ ဒရိုင်ဘာဆိုရင် ဘယ်လိုလုပ်မလဲ"

"အဲဒါ ဆိုရင်တော့ နှမြောစရာပဲဟာ"

"ဘာ"

"ဟဲ ဟဲ ... ကဲပါ ... သူ့ဘာသာ ဘာဖြစ်ဖြစ်ပေ့ါ။ သူ့ကားကိုတော့ ပြင်ပေးရမှာ ပဲလေ၊ အဲတော့ ပြင်ပေးလိုက်မယ်"

"အေး ... ပြင်ပေးပြီးရင် ဇာတ်လမ်းကို ဒီမှာ ပဲ ရပ်နော်"

"သူ လာစရင်ရောလို့ "

"ခရေ ... ဘာဖြစ်တာလဲဟ၊ စချင်းစ နင့်ကိုတော့ စမှာ မဟုတ်ဘူး ၊ ဝါ့ကိုပဲ စမှာ "

"ဘာဖြစ်လို့ လဲ"

"ဝါ့ကားနဲ့ တိုက်မိတာကို၊ ပြီးတော့ မျက်လုံးတွေက ဝါ့ဆီမှာ ချည်းပဲနော်"

"ဟိတ် ... မြားဦးလှည့်မလာနဲ့ ၊ တို့ ကတော့ ပင်လယ်ပဲ"

"သမုဒ္ဒရာလောက်တော့ထား"

"ဟင့်အင်း ... မကြီးရင် နေပါစေ၊ ပင်လယ်ပဲ"

"သြော် ... ကြီးတာ မကြိုက်ဘူးပေါ့"

"ဘာလဲ"

"ဟဲ ဟဲ ... ဘာမှ မလဲဘူး"

"ဟွန်း ... ခရေ့ကို ဘယ်သူကများ ကွင်းတင်ထားလဲမသိဘူး၊ စကားမပြောရသေးဘူး၊ မျက်နှာက ပြောင်စပ်စပ်ဖြစ်နေပြီး၊ ကွင်း ဆိုတာ ဣန္ဒြေသိက္ခာ ရှိရှိလေး နေရမှာ "

"အမယ်လေး ... ကိုယ်နေတတ်သလို နေမှာ ပဲ၊ သူ့ဘာသာ ကွင်းချင်ကွင်း၊ မကွင်းချင်နေ"

"အေးပါ၊ နင့်ကို အဲဒီလို ထီမထင်စတိုင်ကိုပဲ ကြိုက်ပြီး ပေးတာထင်ပါရဲ့ "

"ဟုတ်မှာ ပေါ့၊ ပြီးတော့ တို့ ရဲ့ ရုပ်ရှိရေလျှံဆိုတဲ့ အချက်လည်း ပါမှာ ပေါ့"

"ရေလျှံတယ်ပေါ့၊ အိုကေ ... ငါတို့ ကတော့ ရေမလျှံဘူးကွာ၊ အဲတော့ ဒီတစ်ပတ်ရဲ့ ဒကာတော်ရေမြွေရှင်ဘွဲ့ကို ခရေ့ကို တပ်လိုက်တယ်၊ ဟုတ်လား ဝါဆို"

"ရိုက်(ဒ်)၊ ညီမလေး လဲ့လဲ့ရဲ့ အဖြေ မှန်ပါတယ်"

ခရေ မျက်နှာရှုံ့မဲ့သွားရသည် ။ သူမစကားနဲ့ သူမမို့ ထပ်တွန့်လည်း မတက်သာဘဲ ငြိမ်နေရတော့သည် ။

"ဦးမိုး ဒီကားကို ကြည့်ပေးပါ။ ဒီနေ့အပြီး လိုချင်တယ်၊ ဒီကားကို ဦး

စားပေး လုပ်ပေးပါ”

“ဒီနေရာက နည်းနည်း ပြန်ထုရမှာ ဆိုတော့”

“ဘာမှ မပြောနဲ့ တော့ ဦးမိုးရာ၊ ဒီနေ့ ပြီးအောင်လုပ်ပေး”

ဝပ်ရှော့ပိုင်ရှင်ရဲ့ သမီးက ခိုင်းနေတာမို့ ဦးမိုး ခေါင်းကုတ်နေရပြီး လုပ်လက်စ အလုပ်တွေရပ်ပြီး ခရေ ပြင်ခိုင်းသောကားကို ပြင်နေရသည် ။ ဝါဆို ကားက သိပ်မနာသဖြင့် ခဏလေးနှင့် ပြီးသွားသည် ။ မြင့်မိုရ်ကျော် ကားကတော့ ...။

“ဦးလေးကြီး ဒီဘက်ဧည့်ခန်းမှာ ထိုင်စောင့်ပါလားရှင့်”

“အင်း ... ကိုယ့်ကို သူဌေးခိုင်းထားတဲ့ အလုပ်ကိစ္စတွေ ရှိသေးတယ်ကွ၊ အဲတော့ ကိုယ် ညနေမှ ကားလာယူလိုက်တော့မယ်”

“ဟင် ... ဒါဆို ဦးလေးကြီးက ဘာနဲ့ သွားမလဲ”

“တက္ကစီ ငှားသွားရမှာ ပေါ့”

“ဝါဆို့ကား ယူသွားပါရှင်၊ တက္ကစီတော့ မငှားသွားပါနဲ့ ”

“ယုံလို့ လား”

“ယုံပါတယ်၊ ဒီမှာ ဦးလေးကြီးကား ကျန်နေသေးတာပဲ”

“ဒါက ကိုယ်ပိုင်တဲ့ ကားမှ မဟုတ်တာ၊ ထားခဲ့လို့ ရတာပဲ”

“အယ် ...”

“ဘာလဲ၊ လန့်သွားပြီလား”

“ဟို ...”

ဝါဆို ဘာပြောရမှန်းမသိ။ မြင့်မိုရ်ကျော်က ပြုံးလိုက်ပြီး ...

"ကူချင်တယ်ဆိုရင် တစ်ခုတော့ ရှိတယ်"

"ဟုတ်"

"မင်းတို့ သုံးယောက် ကိုယ့်ကို ကိုယ်သွားရမယ့်နေရာတွေ လိုက်ပို့ ပေးမလား"

"ရှင် ... သုံးယောက်"

"ဩော် ... တစ်ယောက်တည်း ကိုယ်ပို့ခိုင်းရင်ရော၊ အမိတို့ က ကျုပ် ကိုယုံကြည်စွာ လိုက်ပို့ရဲလို့ လား"

ဝါဆိုတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသဖြင့် ...

"ကဲ ... နေတော့ နေတော့၊ မကူညီချင်လည်း ကိုယ့်ဘာသာ သွား တော့မယ်၊ ကိုယ်ချိန်းထားတဲ့ အလုပ်ကိစ္စတွေပျက်သွားရင် သူဌေးဆူလိ မ့်မယ်"

ခရေက ပျာပျာသလဲပင် ...

"အို ... ပို့ပေးပါ့မယ်၊ ပို့ရမှာ ပေ့ါ၊ ခရေတို့ မှာ တာဝန်ရှိတာပဲ၊ နော် ... ဝါ ဆို"

ဝါဆိုက ခေါင်းညိတ်ပြသည် ။ လဲ့ကတော့ အောက်ကနေ အသံတိတ် ဆွဲဆိတ်ပစ်လိုက်သည် ။

"အ ..."

"ဘာဖြစ်တာလဲ"

"ပုရွက်ဆိတ် ဆိတ်လို့ "

"ကဲ ... ညည်းတို့ နာမည်တွေ မိတ်ဆက်ပါဦး"

“ဦးလေးကြီး နာမည်ကရော”

“ကိုယ့်နာမည် မြင့်မိုရ်ကျော်ပါ”

“မလိုက်ဘူး”

“ဟင် … ဘာလဲ”

“သြော် … နာမည်နဲ့ လုပ်နေတဲ့ အလုပ်နဲ့ မလိုက်ဘူးလို့ ပြောလိုက်တာပါ၊ ဟဲ ဟဲ … လဲ့က အတိုကောက်ပဲပြောတတ်တယ်”

“သြော် … တစ်ယောက်တစ်မျိုးလေးတွေပဲ၊ ကဲ … ကိုယ့်ကို သုခပေးတဲ့ ကလေးမက ဝါဆိုနော်၊ သူက ခရေ၊ သူက လဲ့၊ မှတ်ထားလိုက်ပြီ”

“ဟင် … ဦးလေးကြီးက ဘယ်လိုသိသွားတာလဲ”

“ညည်းတို့ က ကိုယ့်နာမည်ကို စကားထဲ ထည့်ပြောတတ်တော့ သိသွားတာပေါ့။ ကဲ … ကိုယ်သွားတော့မယ်”

“ဟင် … လိုက်ပို့ပါ့မယ် ဦးလေးကြီးရဲ့ ၊ ကဲ … လာ လာ ဝါဆို။ လဲ့လာ”

ခရေက ဦးဆောင်ခေါ်လိုက်သလို ဝါဆိုက ခရေ့လက်ထဲ ကားသော့ ထည့်ပေးလိုက်သည် ။

“ငါ မမောင်းချင်လို့ ”

ခရေက မောင်းသူနေရာမှာ ဝင်ထိုင်လိုက်သည် ။ ဝါဆိုနဲ့ လဲ့က နောက်ခန်းမှာ မြင့်မိုရ်ကျော်ကတော့ ရှေ့ခန်း ခရေ့ဘေးမှာ ပေါ့။

အဲဒီနေ့က တစ်နေ့လုံး မြင့်မိုရ်ကျော် သွားလေရာ တကောက်ကောက် လိုက်ပို့ကြရပါသည် ။

ဒီလိုနဲ့ မြင့်မိုရ်ကျော်နဲ့ ထိုသုံးယောက်ဇာတ်လမ်း စခဲ့ကြတယ်ပေါ့။

အဲဒီနေ့က နောက်ကြည့်မှန်မှ တစ်ဆင့် ဝါဆို့မျက်နှာလေးကို ခိုးခိုးကြည့်မိတာတော့ ခြွင်းချက်ပေါ့လေ။

*

"ဟား ဟား ဟား … လေးငယ်ကတော့လုပ်ပြီ။ လေးငယ် ဒရိုင်ဘာလို့ ပြောတာ သူတို့ က ယုံလား၊ ဒီဥပမိရုပ်ကိုလေ"

"ယုံမှာ တော့ မဟုတ်ဘူး ကွ၊ ဒါပေမဲ့ တိုက်တဲ့ ကောင်မလေးကတော့ ကြောင်နေပုံပဲ၊ သိုးငယ်လေးပဲကွာ၊ ချစ်စရာလေး …

ဇာတ်လမ်းကတော့ စပြီ၊ ဆယ်နှစ်ကျော် ငြိမ်သက်နေတဲ့ ငါ့နှလုံးသား ခုကျမှ အသစ်တစ်ဖန် ပြန်လည် ရှင်သန်လာတာကွ"

"ဟုတ်ပြီ … ဟုတ်ပြီ၊ လေးငယ်ကို ပြုစားနိုင်တဲ့ ကောင်မလေးကိုတော့ ကွန်ဂရက်ကျူးလေးရှင်းတောင် လုပ်ချင်သေးတယ်"

"ကျောင်းသူတွေပုံစံပဲကွ၊ မင်းတို့ လောက်ပဲ ရှိဦးမယ်၊ မသကာရှိလှ ဆယ့်ရှစ် ဆယ့်ကိုးပဲ"

"ကျောင်းထဲကလည်း ဖြစ်နေဦးမယ်"

"ကားနံပါတ်နဲ့ လိပ်စာတို့ ဖုန်းနံပါတ်တို့ စုံစမ်းရမယ်"

"စုံစမ်း"

"ပြီးရင် ဒီဇာတ်လမ်းကို ရှေ့ဆက်ရမယ်"

"ဆက်"

"ခွေးကောင် … ငါ့ကို နောက်စရာလား"

"ဟဲ ဟဲ … ကျွန်တော် ခွေးကောင်ဆိုရင် ကျွန်တော်ရဲ့ ဦးလေးအရင်း

ခေါက်ခေါက်ဖြစ်တဲ့ လေးငယ်ကရော”

လေးငယ်ရဲ့ ဝဲပျံလာသော လက်သီးတွေကို ဂူခုံးသိုင်းနဲ့ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးတော့သည် ။

“ပင်လယ်”

“ဩော် … မေမေ ပြန် လာပြီ”

“ဘယ်လိုဖြစ်နေတာလဲ ပင်လယ်၊ ဒီအရွယ်က ဆော့စရာလား၊ ယောက်ျားဆိုတာ တည်ကြည်လေးနက်စွာ နေရတယ်ပင်လယ်”

“မမ ပြန် လာပြီလား”

“ လာပြီ၊ ပြန်လာတာနဲ့ ပြောရ ဆိုရတယ်၊ မြင့်မိုရ် မင်းတူကိုလည်း ကြည့်ထိန်းဦး၊ ခုလည်း ကလေးမဟုတ် သူငယ်မဟုတ် ဆော့နေတယ်”

မြင့်မိုရ်ကျော် လျှာတစ်လစ် ဖြစ်သွားသည် ။ မြင့်မိုရ်ကျော်ကိုယ်တိုင်ကလည်း တစ်ဦးတည်းအစ်မကို ကြောက်ရပါသည် ။

မြင့်မိုရ်ကျော် ဆယ်နှစ်သားခန့်မှာ မိဘနှစ်ပါးစလုံးရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၍ အစ်မကြီးက အမိအရာဌ် နေ၍ ပြုစုစောင့်ရှောက်ခဲ့တာ ယနေ့ထက်တိုင်။

အိမ်ထောင်ပြုပြီးတော့လည်း အစ်မဖြစ်သူက မြင့်မိုရ်ကျော်ကို ချန်မထားခဲ့သလို ယောက်ဖကလည်း ကြည်ဖြူစွာ လက်ခံခဲ့သည် မို့ အစ်မဖြစ်သူနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့ရပြန်သည် ။

“လေးငယ် … မေမေ ခေါ်နေတယ်လေ၊ ဘာတွေတွေးနေတာလဲ လေးငယ်ရ”

“ဩော် … ဘာမှ မဟုတ်ပါဘူး၊ မမ ဘာလဲ၊ ဘာပြောလိုက်တာလဲ”

"မြင့်မိုရ် ဘာဖြစ်နေတာလဲ၊ ကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ၊ ဟို နေ့က မန္တလေး ငွေလွှဲခိုင်းထားတာ လုပ်ပြီးပြီလား"

"ပြီးပြီ မမ"

"ပြီးရော၊ ဩော် ... ပြောရဦးမယ်၊ ဒီတစ်ပတ် တနင်္ဂနွေနေ့ မင်းတို့ နှစ်ယောက်စလုံး ဘယ်မှ မသွားရဘူး၊ အစီအစဉ်ရှိရင် ဖျက်ထားကြ"

"ဘာဖြစ်လို့ လဲ မမ"

"မမ သူငယ်ချင်းတစ်ယောက် ရန်ကုန်ရောက်နေလို့ ထမင်းစား ဖိတ်ထားလို့ "

"ဩော် ... ဘယ်ကမို့လို့ လဲ"

"မန္တလေးကပဲ၊ အဲဒါ လူစုံတက်စုံ ရှိစေချင်တယ်၊ အထူးသဖြင့် မြင့်မိုရ်ကျော် ဘယ်မှ မသွားပါနဲ့ "

ပြောပြီး အပေါ်ထပ်သို့ တက်သွားသော အစ်မဖြစ်သူကိုကြည့်ကာ မြင့်မိုရ်ကျော် ပခုံးတွန့်လိုက်သည်။

"လေးငယ်"

"အေး ... မင်း ဘာပြောမှာ လဲ ငါသိတယ်"

"ဟဲ ဟဲ ... လေးငယ်ကတော့ သွားပြီ၊ ဟိုက မေမေ့သူငယ်ချင်းတဲ့ "

"မမကလည်း ကွာ၊ ငါ့ကို တော်တော်မိန်းမပေးစားချင်နေတယ်"

"လေးငယ် ဟိုင်းသွားမှာ စိုးလို့ ပေါ့ဗျ"

"ဟိတ်ကောင် ယောက်ျားကွ၊ ဘဝဆိုတာ အသက်လေးဆယ်ပြည့်မှ စမှာ ၊ အခု ငါက သုံးဆယ်ပဲ ရှိသေးတယ်၊ အေးဆေးပါ"

"ဟွန့် ... အသက်က သုံးဆယ်မို့လို့ သာ တော်တော့်တယ်၊ လေးငယ်က သားထက်တောင် ရှိုးထုတ်သေးတယ်၊ ဒါလည်း မစွံဘဲနဲ့ ဗျာ"

"မစွံတာ မဟုတ်ဘူး ကွ၊ မြင့်မိုရ်ကျော် အတွက် လမ်းခင်းပေးထားတဲ့ အမျိုးသမီးတွေ ပုံလို့ ..."

ဒီနေရာကို မထိသေးလို့ မလှုပ်ရှားသေးတာကွ

မြင့်မိုရ်က သူ့ရင်ဘတ်ကို လက်နဲ့ ပုတ်ပြပြီး ပြောနေသဖြင့် ပင်လယ်က ရယ်နေသည် ။ တကယ်လည်း သူ့လေးငယ် စွံပါသည် ။

အရပ်ခြောက်ပေခန့်ရှိပြီး ကြွံခိုင်သောခန္ဓာ ယောကျ်ားပီသသော မျက်နှာကျတို့ က မြင့်မိုရ်ကျော်ကို လူချောလူခန့် စာရင်းထဲ သွင်းပေးထားသလို မျက်ခုံးထူတန်းတန်း အောက်က မျက်ဝန်းတွေကလည်း မျက်ဆန်ညိုလဲ့လဲ့နှင့်မို့ မြင့်မိုရ်ကျော်ရဲ့ အကြည့်ကို မရှေချောတို့ ခံနိုင်ရည်မရှိကြ။ သို့သော် မြင့်မိုရ်ကျော်ကတော့ ခဲမှန်ဖူးတဲ့ စာသူငယ်ပမာ။

မြင့်မိုရ်ကျော် ဆယ်တန်းတုန်းက မိန်းကလေးတစ်ယောက်ကို အသည်းအသန် ချစ်ခဲ့ဖူးသည် ။ ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးတွေနှင့် အောင်လျှင် အဖြေပြန်ပေးမည်ဆို၍ အသည်းအသန် ကြိုးစားခဲ့ရသည် ။

အောင်စာရင်းထွက်တော့ တစ်ဘာသာက သုံးမှတ်လောက်နဲ့ ကပ်ကျန်ခဲ့ကာ ကျန်သည့်ဘာသာတွေအားလုံး ဂုဏ်ထူး။ ဘာသာစုံ ဂုဏ်ထူး မပါဘူးဆိုပြီး ကောင်မလေးက ပြန်မကြိုက်သောအခါ မြင့်မိုရ်ကျော်မှာ ရင်ကွဲပက်လက်။ ခုတော့ ထိုကောင်မလေးလည်း အိမ်ထောင်ကျလို့ ကလေးတွေပင် နှစ်ယောက်။

သေချာပြန်တွေးကြည့်မှ သူ့ကိုယ်သူ တော်တော်ရူးခဲ့မှန်း သိတော့သည် မို့ ခုတော့ ပြန်တွေးမိရင်ပင် ရှက်နေသေးသည် ။

အဲဒီနောက်ကတည်းက သူ အချစ်ဆိုတာကြီးကို စိတ်မဝင်စားတော့။ ခုတော့ အခါလွန်ပြီထင်၍ လား မသိ။ မမက အစ်မကြီး အမိရာ သူ့ကို အိမ်ထောင်ဖက် ရှာပေးနေပြီ။

မသိမသာ တစ်ယောက်ပြီးတစ်ယောက် ခေါ်ပြနေသဖြင့် သူ့မှာ အသက်ဆယ်နှစ်တိတိကွာသော အစ်မဖြစ်သူကို ကြောက်၍ သာ ငြိမ်နေရသည် ။ စိတ်တော့ မဝင်စားခဲ့။

ကုန်လွန်ခဲ့သော ဆယ်နှစ်အတွင်းမှာ ငြိမ်သက်နေခဲ့သော နှလုံးသားက စတင်လှုပ်ရှား လာပြီ။ ဝါဆို, ဆိုတဲ့ ဆယ့်ရှစ်နှစ်သမီးနဲ့ လှုပ်ရှားလာခဲ့ပြီ။

မျက်နှာဝိုင်းစက်စက်ကလေး ဆံပင်ကို တိုတိတိမညီမညာ ညှပ်ထားပုံက မျက်နှာဝိုင်းသူတွေနှင့် မလိုက်တတ်သော်လည်း သူမ မျက်နှာလေးနဲ့ ကတော့ ကြည့်ကောင်းကာ တစ်မျိုးလေး ဆွဲဆောင်မှု ရှိနေသည် ။

“သိပ်ချစ်စရာ ကောင်းတယ်ကွာ”

မျက်လုံးစုံမှိတ်ပြီး Feel အပြည့်ဖြင့် ရေရွတ်လိုက်သဖြင့် ပင်လယ် လန့်သွားသည် ။

“လေးငယ် ... ဒါပင်လယ်နော်၊ သတိထားဦး”

“ဟာကွာ၊ မင်းကလည်း ဒီမှာ အရှိန်တောင်ပျက်သွားပြီ”

“ဘာ ... ဘာအရှိန်လဲ လေးငယ်ရ”

“စိတ်ကူးအရှိန်ကွ၊ မင်း အသံကြီးကြောင့် ပျက်သွားပြီ”

ပင်လယ်က ခေါင်းခါနေမိသည် ။ သွားပြီ။ လေးငယ်တော့ ဆေးမရှိတော့ပါ။ ဒုတိယမြောက် အချစ်မှာ ဒုတိယအကြိမ် အသည်းမကွဲပါစေနဲ့

ဟူ၍ သာ။

*

“မြင်ယောင်နေတယ်ဟာ”

“ဘာလဲဟ၊ အဖျားမရှိ”

“အဖျားက ရှိမလားဟာ၊ အရင်းမှ မရှိတာ”

“အရင်း မရှိရင် အမြတ်ရော ရှိပ့ါမလား”

“တော်ပြီဟာ၊ နင်တို့ ကလည်း ဖီလင်ပျက်တယ်”

“ဘာဖီလင်လဲ”

“ဦးဦးဖီလင်လေ ... ဟဲ ဟဲ”

“ဟယ် ... ငါတို့ ခေတ်နောက်ကျကုန်ပြီလား၊ ဘယ် ဦးဦးလဲ”

“ဝါဆို့ကားနဲ့ ထိမိတဲ့ ဦးဦးလေ”

“ဗုဒ္ဓ ကယ်ပါ၊ မှားပြီ၊ ဆေးစားမှားပြီ၊ ဒရိုင်ဘာနော် ... စိတ်ကူးမယဉ်ပါနဲ့ ခရေရယ်”

“ဒရိုင်ဘာ မဖြစ်နိုင်ပါဘူးဟာ”

“သိပ်ကို ဖြစ်နိုင်တာပေ့ါ”

“ဘာသက်သေရှိလဲ”

“သူကိုယ်တိုင်ပြောသွားတာ၊ အခိုင်မာဆုံး သက်သေပဲလေ”

“ငါ မယုံဘူး”

“အမြင်တွေ အမှောင်မဖုံးပါစေနဲ့ ခရေရယ်၊ စိတ်လျှော့လိုက်တော့”

"တကယ်ပဲ၊ ဒရိုင်ဘာ ဖြစ်နေစေဦးတော့ …"

"တော်ပြီ ခရေ၊ ဒီစကားကို ဆက်ခွင့်မပြုနိုင်ဘူး"

"နှလုံးသားရဲ့ အမိန့်တော်ကို ငါ မလွန်ဆန်နိုင်ဘူး လဲ့နဲ့ ဝါရယ်"

"ခရေရယ် … ငါတို့ တားပါရစေဟာ"

"ဟုတ်တယ် ခရေ၊ လဲ့ ပြောတာ မှန်တယ်၊ ဝါဆိုတို့ က ခရေ့အတွက် ပြောတာပါ"

"အင်း … ငါ နားလည်ပါတယ်ဟာ၊ ဒါပေမဲ့"

ခရေမျက်နှာငယ်လေးနဲ့ ဝါဆိုနဲ့ လဲ့လဲ့မှာ လည်း စိတ်မကောင်းသော မျက်နှာတွေနဲ့ ပေ့ါ၊ ဝါဆိုက …

"ခရေ သတိမရသင့်ပါဘူး၊ မေ့လိုက်တာပဲ ကောင်းပါတယ်၊ ဘယ်ဆီ ဘယ်ဝါမှန်း မသိတဲ့ လမ်းဖြတ်ကူးရင်း ခဏဆုံလိုက်တဲ့ သူလို့ ပဲ သဘောထားလိုက်ပါကွယ်"

"အဟင့် … ငိုမှာ နော်"

"ငိုလိုက်ပေ့ါ … ငို … ငို …"

"ဟဲ … ဟဲ"

သူငယ်ချင်းတွေကို ရုပ်ပြောင်လုပ်နေရသော်လည်း သူမ ရင်ထဲက ဆူးကတော့ စူးနေဆဲပဲ ဦးရယ်။

ထိုအချိန်မှာ ပဲ ဝါဆို့ဖုန်းက မြည်လာသည် ။

"ဘယ်သူပါလိမ့် … ဟဲလို"

"ဟဲလို"

“ဟုတ်ကဲ့ ပြောပါ”

“ဝါဆိုနဲ့ ပြောချင်လို့ ”

“ဝါဆိုပါ၊ ဘယ်သူလဲ မသိဘူးရှင်”

“ဩော် ... မသိဘူးလား၊ ကိုယ်က သိမယ်ထင်လို့ ”

“ဘာကိစ္စရှိလို့ များ လဲရှင်”

“ကိစ္စကတော့ ဝါဆိုကို သိပ်သတိရလို့ ဝါဆိုအသံလေး ကြားချင်လို့ ”

“ရှင် ဘယ်သူလဲ၊ ဘာလာကြောင်နေတာလဲ”

“ကိုယ် ဘယ်သူလဲဆိုတော့ ဝါဆိုကို သတိရနေတဲ့ သူ၊ ဒါပေမဲ့ ကြောင်တာတော့ မဟုတ်ဘူး ၊ လေးလေးနက်နက်”

“တောက်”

တောက်ခတ်သံနှင့်အတူ ဝါဆို ဖုန်းပါပိတ်ပစ်လိုက်သည် ။

“ဘယ်ကဖုန်းလဲ ဝါဆို”

“မသိဘူး၊ လာကြောင်နေတယ်”

“ဖုန်းနံပါတ်ပြ”

လဲ့က ဝါဆို ဖုန်းကို လှမ်းယူပြီး နံပါတ်ကြည့်လိုက်သည် ။

“ဩော် ... ဟန်းဒ်ဖုန်းနဲ့ ပဲ ဆက်တာကိုး၊ ဟဲ့ ... ဝါဆို၊ နင့် ပင်လယ်များ လား”

“မဖြစ်နိုင်ဘူး၊ ငါ့ပင်လယ်က ဒီအသံမျိုး မဟုတ်ဘူး ဟ၊ လေယူလေသိမ်း မတူဘူး၊ ပြီးတော့ သူက အတည်အကြည်လေး၊ ဒီလိုအလုပ်မျိုး လုပ်မှာ မဟုတ်ဘူး ”

ခရေက ...

"ဟွန်း ... အတိုင်အဖောက်ကို ညီနေတာပဲ၊ တစ်ယောက်ကလည်း နင့်ပင်လယ်များ လားတဲ့ ၊ တစ်ယောက်ကလည်း ငါ့ပင်လယ်တဲ့ ၊ ဟိ ဟိ"

"အံမယ် ... ကောင်စုတ်၊ လှောင်တယ်ပေါ့လေ၊ ကိုယ်ချင်းစာပါ သူငယ်ချင်း"

"အေးပါ ... အေးပါ"

"ဟဲ့ ... ခရေနဲ့ ဝါဆို၊ ငါတို့ ဒီဖုန်းနံပါတ်ကို မှတ်ထားပြီး စုံစမ်းကြည့်ရအောင်"

"စုံစမ်းပြီး ဘာလုပ်မှာ လဲ၊ ဖုန်းပြန်ဆက်မလို့ လား၊ လုပ်မနေနဲ့ ၊ စိတ်ထဲရှိရာ နံပါတ်ကိုနှိပ်ပြီး လျှောက်ကြောင်နေတာနေမှာ ပေါ့"

"ဖုန်းသရဲလား"

"မဖြစ်နိုင်ဘူးဟာ၊ ငါ့ကို တမင်ဆက်တာ၊ ဝါဆိုလားတဲ့ မေးတယ်"

"အင်း ... ဒါဆိုရင် ကျောင်းထဲက တစ်ကောင်ကောင်ပဲ နေမှာ ပေါ့"

"ဟဲ့ ... ဝါဆို"

"ဘာလဲ ... ဘာလဲ၊ နင် သိပြီလား"

"အေး"

"ဘယ်သူလဲ"

"ပင်လယ်တော့ မဖြစ်နိုင်ဘူး၊ ပင်လယ့်သူငယ်ချင်း ဖက်တီးပဲ ဖြစ်မယ်"

"ဟင် ... ခရေစုတ်၊ လာပြီ"

"ကြောက်ပါပြီ ဝါဆိုရဲ့ … ဝါဆို့ကိုကို ဖက်တီးရေ၊ ဝါဆို့ကို လာဆွဲပါဦး"

လဲ့ကို အလယ်မှာ ထားပြီး ဝါဆိုနဲ့ ခရေတို့ ပတ်ပြေးနေသည် ။ အာရုံစီထဲမှာ ပေါ့၊ ထိုအချိန်မှာ ပင် အာရုံစီရှေ့မှ ဖြတ်သွားသော ပင်လယ်ကို တွေ့လိုက်ရသည် ။ ပင်လယ်နဲ့ အတူ ပါလာသူက ဖက်တီး။

"ပင်လယ်"

"ဩော် … ဝါဆို"

"ဘယ်သွားမလို့ လဲ ပင်လယ်"

"ကင်န်တီး သွားမလို့ ပါ"

"ဩော် … အအေးလိုက်သောက်ပါ၊ ဟုတ်လား။ အားနာစရာကြီး ပင်လယ်ရယ်"

"ရပါတယ် ခင်ဗျ၊ လိုက်သောက်ပါ၊ ပြီးရင်တော့ ဝါဆိုပဲရှင်းလိုက်ပေါ့"

"အိုး … ဒီလိုလား၊ သိပ်ကို သဒ္ဓါတရားကောင်းပါလား၊ ပင်လယ်လေးရယ်။ ကဲ … သူငယ်ချင်းတို့ ရေ … Let's go to canteen"

"အိုးခေ"

သူမတို့ သုံးယောက် ဝါဆို့ကောင်းမှုလား၊ ပင်လယ့်ကောင်းမှုလားတော့ မသိ။ အအေးဆိုင်တော့ ရောက်သွားပြီ။ ဝါဆိုကို စ,ချင်စိတ်ဖြင့် ခရေက …

"ကဲ … ဖက်တီးက ဘာသောက်မှာ လဲ"

"ဗျာ … ကျွန်တော့်နာမည် ဖက်တီး မဟုတ်ဘူး ခင်ဗျ၊ ချစ်ကိုကိုပါ"

“အမယ်လေးတော်”

သူတို့ အားလုံး ခရေ့ကိုကြည့်ကာ ဝိုင်းရယ်နေကြသည် ။ ပင်လယ်က စားပွဲပေါ် တင်ထားသော ခရေ့စာအုပ်ပေါ်မှ နာမည်ကို ကြည့်ပြီး ခပ်တိုးတိုး ရေရွတ်လိုက်သည် ။

“ခရေဆူး”

ဝါဆိုက မကြားလိုက်သဖြင့် ...

“ဟင် ... ဘာလဲ”

“သူ့နာမည်က တစ်မျိုးပဲနော်၊ ခရေဆူးတဲ့ ၊ ခရေဆိုတာက အနင်းခံ အကြွေပန်း။ ဆူးဆိုတဲ့ ကြမ်းတမ်းမှုနဲ့ က တခြားစီ ဖြစ်နေတယ်”

“တို့ မိဘတွေကတော့ ပင်လယ့်လို အဓိပ္ပာယ်မဖွင့်ဘူး။ နူးညံ့တဲ့ ခရေပန်းလေး အကြွေပန်းလေးဆိုပြီး နင်းမယ်ဆိုရင် သူ့ဘေးမှာ ဝန်းရံနေတဲ့ ဆူးတွေ၊ သူ့ကိုကာကွယ်ပေးတဲ့ ဆူးတွေရှိနေတယ်။ ခရေတော့ ခရေပဲ၊ ဒါပေမဲ့ ဆူးတွေကြားက ခရေ”

“အင်း ... အိုင်ဒီယာ ကောင်းတယ်နော်”

“ပင်လယ် ဒီဘက်က တစ်ယောက်ကတော့ လဲ့လဲ့တဲ့ ”

“နာမည် အပြည့်အစုံကရော”

“လဲ့လဲ့ပဲ”

“ဒီနာမည်လေးကျတော့လည်း ရှင်းရှင်းလေးပဲ”

“ဘာလဲ ပင်လယ်က နာမဋ္ဌိကာကျမ်း ပြုစုမလို့ လား”

“မဟုတ်ပါဘူး ဝါဆိုရဲ့ ”

“ကဲ … ကဲ၊ ဘယ်သူ ဒကာလဲ၊ ဝါဆိုကတော့ ဒီနေ့ ပိုက်ဆံအိတ် မေ့ကျန်ခဲ့သလိုပဲ”

“ဒါဆို ဆူး ရှင်းလိုက်ပေ့ါ”

ဝါဆိုတို့ ကြောင်သွားသည် ။

ခရေက အမြန်ပင် …

“အံမယ် … မရှင်းနိုင်ပါဘူး၊ ခရေတို့ က သူတို့ ခေါ်လို့ ပါလာတာကိုး ”

“ပင်လယ်က ခရေ့ကို ဆူးလို့ ခေါ်လိုက်တာလား”

“ဟုတ်တယ်လေ၊ ဝါဆိုရဲ့ ဘာဖြစ်လို့ လဲ”

“သြော် … ကြားနေမကျတော့ တစ်မျိုးဖြစ်နေလို့ ”

“ကျွန်တော်က ခရေလို့ မခေါ်ချင်ဘူး၊ ထူးချွန်ထက်မြက်တဲ့ ဆူး ဆိုတာကို ခရေထက် ပိုသဘောကျတယ်၊ ကျွန်တော် ဆူးလို့ ခေါ်မယ်နော်”

“ရပါတယ်၊ တချို့တွေလည်း ဆူးလို့ ခေါ်ကြပါတယ်၊ ဒါပေမဲ့ ခေါ်ချင်ရင်တော့ ဒီဝိုင်းကို ဝါဆို့ ကိုယ်စား ပင်လယ်ပဲ ရှင်းလိုက်တော့”

ခရေက အထာနှင့် ပြောလိုက်သည် ကို မရိပ်မိဘဲ

“ရပါတယ်ဗျာ၊ ရှင်းပ့ါမယ်”

ဝါဆို မျက်နှာမှာ ပြုံးချိုမြသွားရသည် ။ ခရေနှင့် လဲ့က တစ်ယောက်ကို တစ်ယောက် အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်ကြပြီး …

“ကဲ … ဒကာတော် ရေမြေ့ရှင်နှစ်ယောက် ကောင်းမှုနဲ့ ခရေတို့ တော့ ဗိုက်ပြည့်တော်မူဦးမယ်”

"အဟင်း ... ဝါဆိုရယ် ဆူးရယ် လဲ့ရယ် သုံးယောက်က ကျွန်တော့်ဘဝမှာ ပထမဆုံး မိန်းကလေး သူငယ်ချင်းတွေပါပဲ"

"ဒါဆိုရင် ငါကရော"

"ဖက်တီးကရော ပထမဆုံး ဖြစ်ချင်သေးလို့ လား"

"ဟာဗျာ၊ ခရေကလည်း ကျွန်တော့်နာမည် ထပ်ပြောလိုက်ရဦးမလား"

"မလိုက်ဖက်တဲ့ နာမည်ဖြစ်နေလို့ နေမကောင်းဖြစ်မှာ စိုးလို့ ခမဲပေးထားပါရစေ ဖက်တီးရယ်၊ စေတနာနဲ့ ပါ ... အဟင့်"

ခရေက အမူအရာနှင့် လုပ်ပြနေသဖြင့် သူတို့ ရယ်၍ မဆုံးနိုင်တော့။

"ခရေက Law က မဟုတ်ဘူး နော်"

"ခရေက အင်္ဂလိပ်စာပါ၊ ဖက်တီး သိပ်ပေါတဲ့ Law က မဟုတ်"

"အံမယ် ... ဒီမှာ ထိုင်နေတာ၊ Law က သုံးယောက်နော်၊ သုံးမဲတစ်မဲဖြစ်သွားမယ်၊ ဟင်း ..."

"လဲမို့ ထုပ်ကြီး ဘယ်လိုပင် ကြီးသော်လည်း သံတုံးတစ်တုံးကို မီနိုင်ရိုးလားကွယ်တို့ ... ဟဲ ဟဲ"

"အဟိ"

"အေးပါ၊ နင် ကင်န်တီးမှာ မို့ သက်သာသွားတယ်မှတ်ပါ ခရေ၊ နို့မဟုတ်ရင်လား"

"ဘာနို့မှုန့်ဟုတ်လား၊ ဆေးစားမှားလာသလား ဝါဆို၊ ဒါ မူကြို မဟုတ်ဘူး တက္ကသိုလ်"

"ခရေ"

"ဘာလဲ၊ ငါ စားနေတယ်လေ၊ အဲလောက်သဒ္ဒါတရား ထက်သန်သော သူငယ်ချင်းလေး ချစ်သူချောချောလေး ရပါစေလို့ ၊ စေတနာ ဇရပွနှင့် ဆုတောင်းပေးလိုက်သည် ။"

"ဟွန့် … ခရေနော်"

ဆိုတဲ့ ဝါဆို့ မျက်စောင်းမှာ ကျေနပ်ပီတိတွေ အတုံးလိုက်၊ အတစ်လိုက် ပါနေသလိုပင်။ ဒီလိုနဲ့ ပင်လယ်နဲ့ ခရေတို့ အဖွဲ့ ဇာတ်လမ်းစခဲ့ကြတယ်ပေ့ါ။

*

"ဟိတ်ကောင်"

"ဘာလဲကွာ၊ ဒီမှာ စာကျက်နေတာကို"

"ပြပါဦး … ပြပါဦး၊ မင်း ကျက်နေတဲ့ စာအုပ်၊ ဂီတာ လက်ကွက်လား၊ ကျောင်းစာအုပ်လား"

"သိရင် ဘာလို့ မေးနေတာလဲ"

"ငါ ပြောစရာရှိလို့ ပေ့ါကွ"

"ဘာလဲ … ဘာလဲ၊ အာရုံနှောက်တယ်"

"ငါ့နှလုံးသားကို မြားမှန်သွားတဲ့ ကိစ္စ"

"ဘာလာကြောင်နေတာလဲကွာ၊ ဒီခေတ်မှာ မြားဆိုတာ ပြတိုက်မှာ သွားကြည့်ရမယ့် ခေတ်ကွ"

"မနောက်ပါနဲ့ လား ပင်လယ်ရာ၊ သိပ်ခံစားနေရလို့ ပါ"

"ကဲ … ပြော ပြော၊ ဘယ်သူပစ်တဲ့ မြားလဲ"

"လွဲလွဲ"

"ဗုဒ္ဓေါ ... ဟိုနေ့က တွေ့ဖူးတာနော်၊ တစ်ခါပဲ ရှိသေးတယ်"

"မင်းလည်း လွဲလွဲကို သိတယ်"

"ဝါဆို့ သူငယ်ချင်း လွဲလွဲမဟုတ်လား ဖက်တီးရ"

"လာပြန်ပြီ ဖက်တီး"

"မင်းနဲ့ အဲဒီနာမည်နဲ့ လိုက်လို့ ပါကွာ၊ နာမည်စီးရင် ခိုက်တတ်တယ်ကွာ၊ ချစ်ကိုကို ဆိုတဲ့ နာမည်ကို မင်းရည်းစားရမှ ပဲ ခေါ်ခိုင်းတော့"

"ဟုတ်ပြီ၊ အဲဒီနာမည်ကို လွဲလွဲကိုပဲ မူပိုင်ပေးလိုက်တော့မယ်"

"ရှူးပဲ့"

"တန်တယ်ကွ၊ အချစ်ရူး"

"အေးပါ၊ တော်ကြာ လွဲလွဲရည်းစား မဖြစ်ဘဲ ရွာသာကြီး ရောက်နေလိမ့်မယ်"

"ဖွဟဲ့ ... ပါးစပ်ပုပ်ကြီးနဲ့ "

"ဟား ဟား"

"မရယ်နဲ့ ကွ၊ ဒီနေရာကို တကယ်မှန်သွားတာ"

"မင်းက ၁ တုတ်၊ ဟိုက ပိန်သေး၊ မလိုက်ပါဘူး ဖက်တီးရာ"

"ဒါတော့ မတတ်နိုင်ဘူးလေကွာ၊ ပိန်သေးကိုမှ ချစ်မိသွားတာပဲ"

"အချစ်ဆိုတာ ဘာလဲ ဖက်တီး"

"ဘာလဲတော့ ငါလည်း သေချာမသိဘူး၊ ဒါပေမဲ့ လွဲကို ငါ ချစ်တာတော့ သေချာတယ်"

“ဒါဆို ဘာကြောင့် သေချာရတာလဲ”

“ဘာကြောင့်လဲဆိုတော့ ငါ သူနဲ့ တွေ့ပြီး နောက်ပိုင်း သူ့မျက်နှာလေးပဲ မြင်ယောင်နေမိတယ်ကွာ၊ စားလည်း သူ၊ သွားလည်း သူ၊ နောက်ဆုံး အိပ်ပျော်နေရင်တောင်မှ အိပ်မက်ထဲမှာ သူပဲ စိုးမိုးနေတယ်၊ သေချာတယ်ကွာ၊ ငါ သူ့ကို ချစ်သွားပြီ၊ မြင်မြင်ချင်း အချစ်ပဲကွ”

“ဩော် … ဒါ အချစ်လား”

“မနောက်ပါနဲ့ ကွာ၊ ငါ တကယ် ခံစားရတာပါ”

“မနောက်ပါဘူးကွာ၊ ငါ တကယ်သိချင်လို့ မေးတာပါ၊ အချစ်က ဘာလဲ ငါမသိဘူး၊ ဒါပေမဲ့ မင်းပြောတဲ့ ခံစားချက်မျိုးက အချစ်ဆိုရင် ငါလည်း သူ့ကို ချစ်နေမိပြီပေါ့”

“ဘာ”

“ဘာဖြစ်တာလဲကွာ၊ အလန့်တကြား”

“မင်းက လဲ့လဲ့ကို၊ ဟော့ကောင် … ငါအရင်ပြောတာနော်၊ ငါ ချစ်တယ်ဆိုမှ ”

ပင်လယ်က လက်ကာပြလိုက်ပြီး …

“မင်းပိန်သေးကို ဘယ်သူမှ မကြိုက်ဘူး မင်းပဲ ကြိုက်ပါကွာ”

“ဒါဖြင့် ဘယ်သူလဲ”

“ဆူး … ငါ့နှလုံးသားကတော့ မင်းလို မြားမှန်သွားတာ မဟုတ်ဘူး ၊ ဆူးစူးသွားတာ၊ ခရေဆူး စူးသွားတာ”

“ထင်သားပဲ၊ အဲဒီနေ့က မင်း လှုပ်ခတ်နေတယ်၊ သူမနဲ့ ပတ်သက်ပြီး မင်း လှုပ်သွားတာ ငါ ရိပ်မိလိုက်တယ်၊ ဒါပေမဲ့ ဝါဆိုက မင်းကို ကြွေနေ

ပုံရတယ်နော်၊ မင်းရဲ့ ဆူးကလည်း တွန်းပို့နေတယ်”

“မဖြစ်နိုင်ပါဘူးကွာ”

“မဖြစ်နိုင်တာတွေလည်း ဖြစ်လာတတ်တယ်လေ”

“ငါ ဝါဆိုကို စိတ်မဝင်စားဘူး”

“ဒါပေမဲ့ ဝါဆိုက မင်းကို စိတ်ဝင်စားတယ် ဆိုရင်ရော၊ ပြီးတော့ ဆူးက မင်းကို စိတ်မဝင်စားဘူး ဆိုရင်ရော”

“မင်းကလည်း အကောင်းဘက်က တွေးကြည့်ပါဦး”

“ကောင်းမှ တော့ တွေးထားစရာ မလိုဘူးလေ၊ ကောင်းတာကို လူတိုင်း လက်ခံနိုင်တယ်၊ ဆိုးလာရင်သာ ရင်ဆိုင်ဖို့ ပြင်ဆင်ထားရမှာလေ”

“ငါ ဝါဆိုကို မချစ်ဘူး”

“ဇာတ်လမ်းက အစပဲ ရှိပါသေးတယ်။ ဒီတော့ အစကတည်းက ဝင်တတ်ရင် ပိုကောင်းတယ်၊ ဝါဆို့ကို ခင်ရုံပဲဆိုရင် သူ သိအောင် ခင်တာလောက်ပဲ ပြပေါ့၊ ခရေဆူးကို ချစ်တယ်လို့ သေချာရင် ကြိုးစားတာပေါ့၊ ဒါပေမဲ့ မကြိုးစားခင် မင်းကိုယ်မင်း သေချာပြန်ဆန်းစစ်ဦး၊ သူ့ကို ချစ်တာ သေချာလားလို့ ၊ သူတို့ အဖွဲ့ဟာ သူငယ်ချင်းကောင်းလေးတွေ ဆိုတော့ ကြိုးစားရတာ နည်းနည်းခက်လိမ့်မယ်”

“ဟာ … ဖက်တီးတို့ က ဒီနေရာကျတော့ ဆရာကြီးပါလားကွာ”

“အေး … ငါက ရင်ဖွင့်မလို့ ကို မဖွင့်ရဘဲ မင်းရင်ဘတ်ထဲက အထုပ်ရှုပ်ကို လာဖြေပေးရသလို ဖြစ်နေပြီ”

“မင်းလည်း ဖွင့်ပြီးပြီလေကွာ၊ မင်း လဲ့လဲ့ကို ချစ်တယ်ဆို”

"ဘယ်လောက်ထိ ချစ်သလဲဆိုရင် ..."

"တော်လိုက်တော့၊ အဲဒါတွေ စိတ်မဝင်စားဘူးနော်၊ ဒီမှာ စာအုပ်ဖတ်တော့မလို့ မနှောင့်ယှက်နဲ့ တော့"

"အေးပါ၊ ငါလည်း ခုံပေါ်မှောက်ပြီး လဲ့လဲ့အကြောင်း စိတ်ကူးယဉ်လိုက်ဦးမယ်"

"စိတ်ကူးနဲ့ ရူးတဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့ကွာ"

"ဒါပေမဲ့ ဇာတ်သိမ်း လှမှာ ကွ"

"ကိုယ်က ဇာတ်လမ်းကို ကိုယ်ဒါရိုက်တာလုပ်ပြီး ကိုယ်တိုင်သရုပ်ဆောင်ဦးမယ် ဆိုရင်တော့ ဇာတ်လမ်းလှတာပေါ့၊ အဲလို မဟုတ်ဘူး ဆိုရင်တော့ "

"ဘာဖြစ်လို့ "

"လဲ့လဲ့က ငြင်း လိုက်လေသတည်းပေါ့ကွာ"

"ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ"

ဖက်တီးရဲ့ လက်သီးမိုးက သူ့အပေါ် ဝဲပျံသွားသည် ။ ထိုအချိန်မှာ ပဲ အတန်းထဲ ဝင်လာသူက ဝါဆို။

"ဟဲ့ ... ဖက်တီး၊ ဘယ်ကိုလုပ်နေတာလဲ"

"ဘာဖြစ်လို့ လဲ"

"ဘာဖြစ်ရမှာ လဲ၊ ဘာလို့ ပင်လယ့်ကို လက်သီးနဲ့ ထိုးနေရတာလဲ"

"သဲအိတ်လို့ မထင်ပါဘူး ဝါဆို၊ ဒီကောင် ငါ့ကို လိုက်နှောက်နေလို့ "

"နင်တို့ ကလည်း ဟာ၊ နှောက်ရင်လည်း ပါးစပ်နဲ့ ပဲ နှောက်ကြပါ၊ ခု

တော့ လက်ကအရင်”

“ကဲ … ဆရာမ သေဘာပါဗျာ၊ ဒါနဲ့ လဲ့လဲ့တို့ ရော”

“သူတို့ တွေ အတန်းရှိလို့ သွားတက်ကြတယ်”

“ဪ … နင့်ကို မေးစရာရှိသေးတယ် ဝါဆိုရဲ့ ”

“ပြောလေ ဖက်တီး၊ ဘာလဲ”

“ခရေက အင်္ဂလိပ်စာက ကွင်းလား၊ အင်္ဂလိပ်စာက ခရေဆိုတာ နာမည်ကြီးနေလို့ ”

“ဟုတ်တယ်၊ ခရေက အီးကွင်းလေး၊ သူ့ကို အဲလိုစ,ရင် သူ အရမ်းစိတ်ဆိုးတယ်”

“ဘာဖြစ်လို့ ကွင်းဖြစ်ရတာလဲကွာ”

“ဘာလို့ လဲ ပင်လယ်ရ”

“ကွင်းဆိုတဲ့ အရှိန်နဲ့ ကို သူမရဲ့ အလှအပကို ပစ်မှားနေသူတွေ ဒုနဲ့ ဒေးဖြစ်နေမှာ တွေးမိလို့ ပါ”

“အဲဒီထဲမှာ မင်းလည်း ပါတယ် မဟုတ်လား”

“နှလုံးသားနဲ့ ခံစားတာပါကွာ၊ ငါက မပြစ်မှားပါဘူး”

“အဲဒါပဲ ကြည့်တော့ ဝါဆိုရေ၊ ပင်လယ်ကတော့ ဝါဆို့သူငယ်ချင်း အီးကွင်းလေးကို ကြွေနေပြီ၊ ဝါဆိုပဲ ကြည့်လုပ်ပေးလိုက်ပါဦး၊ ဝါဆို့ အကူအညီတွေ လိုအပ်နေတယ်”

“ဟင် … ဘာရယ်၊ ပင်လယ်က ခရေ့ကို”

“ဟုတ်တယ်ဟာ၊ အဲဒါ ခုပဲ ငါ့ကိုဖွင့်ပြောနေတာ၊ ငါ့ကို ခရေများ မှ

တ်နေလား မသိဘူး”

“မင်းလို စည်ပိုင်းပြတ်ပုံစံနဲ့ မှားစရာလားကွ၊ စဉ်းစားပြီးမှ ပြောပါ”

“စဉ်းစားပြီး ပြောရရင်တော့”

“တော်တော့ ... နော်၊ တော်လိုက်တော့၊ မင်းပါးစပ်ကြီးက အကောင်းထွက်လာမှာ မဟုတ်ဘူး ”

“မဟုတ်ပါဘူးကွာ၊ မင်းကလည်း စဉ်းပြီးစားရင်တော့ ငါက အသား ပိုများမှာ လို့ ”

သူတို့ ရယ်စရာ လုပ်နေသည် ကို စိတ်မဝင်စားနိုင်သော ဝါဆို။ ရင်ဘတ်ထဲမှာ ကလီစာတွေ တစ်စစီ ပေါက်ကွဲထွက်ကုန်ပါပြီကွယ်။

“ဝါဆို ... ဟဲ့ ... ဝါဆို”

“ဟင် ... ဘာလဲ ဖက်တီးရ”

“ဘာတွေ စဉ်းစားနေတာလဲဟ”

“ဘာမှ မဟုတ်ပါဘူး”

“အေး ... ဒီကောင့်ကို ကူညီလိုက်ပါဟာ သနားပါတယ်”

ငါ့ကိုရော မသနားတော့ဘူးလား ဖက်တီးရယ်၊ ငါလည်း ခံစားနေရတာပဲ။

“နော် ... ဝါဆို၊ ကူညီမယ် မဟုတ်လား”

“ဟာ ... ငါ အောင်သွယ် မလုပ်တတ်ဘူး”

“နင်ကလည်း ဟာ လုပ်ပေးလိုက်ပါ”

“ဟင့်အင်း ... ကိုယ့်ဘာသာ ကြိုးစားပါ ပင်လယ်ရယ်”

"ငါ့ဟာငါလည်း ဘယ်ကစရမှန်း မသိသေးဘူး၊ ထားလိုက်ပါဟာ အေးဆေးပေါ့"

"ဟော့ ... နောက်ကျမှ ငါ့ကို အဖေကယ်ပါ လာမလုပ်နဲ့ နော်၊ မင်းကြိုက်တဲ့ ကောင်မလေးက ချစ်သူဝိုင်းဝိုင်းလည်းဖြစ်နေတာကွ။ နောက်ကောက်ကျသွားမယ် ဆရာ"

"ဖူးစာဆိုတာ ရှိသေးတယ်ကွ"

"ဒါပေမဲ့ အဲဒီဖူးစာက ဦးရာဆိုတာလည်း မမေ့နဲ့ ဦး"

"အေးပါကွာ၊ မင်း ပိန်သေးရဲ့ အချစ်ကို ရတဲ့ နေ့ ငါလည်း သူ့အချစ်ကို ရရမယ်ကွာ၊ ကဲ"

"ပင်လယ်က ခရေ့ကို အပိုင်တွက်ထားတယ်ပေါ့"

"ဟာ ... အဲဒီသဘော မဟုတ်ပါဘူး ဝါဆို၊ သူ့ကို အနိုင်လုပြောနေတာပါ၊ ကဲပါကွာ ... စိတ်ထဲ မထားနဲ့ ဟုတ်လား၊ ပြီးတော့ ခရေ့ကိုလည်း ပြန်မပြောနဲ့ ဦးနော်"

"ဝါဆို့မှာ အဲလို ပြန်ပြောတတ်တဲ့ အကျင့် မရှိပါဘူးပင်လယ်ရယ်"

"ဆောရီး ဝါဆိုရယ်၊ ကိုယ်က စတာပါ"

"ရပါတယ်"

ပျက်ယွင်းနေတဲ့ မျက်နှာထက်မှာ ကြေကွဲမှုအရိပ်တွေက အထင်းသားပင်။ ပင်လယ် သက်ပြင်းအသာချလိုက်သလို ဖက်တီးကလည်း မျက်နှာလွှဲသွားသည် ။

*